Public Disclosure Authorized

# မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို အမှတ်(၃)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရိုစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရပ်ရွာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ သြစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG

THE WORLD BANK
IBRD • IDA



# စီးပွားရေးလုပ်ငန်းများအပေါ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှု

## ဒုတိယအကြိမ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်မှ ဇူလိုင်လ ၁၇ ရက်နေ့အထိ

**ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုနှင့် စပ်လျဉ်း၍ အရေးအတွက် စံပြုသည့် အထောက်အထားများ ရရှိစေရန်အတွက် ကမ္ဘာ့ဘဏ်သည် စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းတစ်ခုကို ဆောင်ရွက်စေခဲ့ပါသည်။** ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများအကြောင်း သတင်းအချက်အလက်များ ရရှိရန်အတွက် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော[1] ကမ္ဘာ့ဘဏ် စစ်တမ်းတစ်ခုအား အသုံးပြု၍ မတ်လနှင့် မေလများအတွက် အချက်အလက်များကို နှစ်ကြိမ် ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ စစ်တမ်းတွင် လုပ်ငန်းကဏ္ဍအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိသော တရားဝင်နှင့် ကျပန်းစီးပွားရေးကဏ္ဍ နှစ်ခုစလုံးမှ ကုမ္ပဏီ/စီးပွားရေးလုပ်ငန်းပေါင်း ၅၀၀ ပါဝင်ခဲ့ပါသည်။[2] ဤစာတမ်းတိုတွင် မတ်လနှင့် မေလများအကြား ကုမ္ပဏီများ၏ ရလဒ်များနှင့် ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်မှုများ ပြောင်းလဲခဲ့ပုံကို အကျဉ်းချုပ်တင်ပြထားပါသည်။[3]

**ကုမ္ပဏီများသည် မေလတွင် လုပ်ငန်းများကို တဖြည်းဖြည်းချင်း ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လာပါသည်။** မေလတွင် ကုမ္ပဏီများ၏ ပျမ်းမျှ ၆ ရာခိုင်နှုန်းကသာ ယာယီပိတ်ခဲ့ပြီး မတ်လနှင့် နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍရှိ ကုမ္ပဏီများအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုသည် အသိသာအထင်ရှားဆုံး ဖြစ်ပါသည် (ပုံ-၁)။ အဆိုပါကုမ္ပဏီများတွင် အခြားကဏ္ဍများထက် ပိုမိုကြီးမားသည့်အတိုင်းအတာဖြင့် တစ်ဆင့်ချင်းစီ ပြန်လည်နာလန်ထူလာမှု လက္ခဏာများကို တွေ့ရှိရသော်လည်း ဝန်ဆောင်မှုကဏ္ဍမှ ကုမ္ပဏီများ၏ ၁၁ ရာခိုင်နှုန်းသည် ပိတ်ထားဆဲဖြစ်ပါသည်။ ထိုကုမ္ပဏီများက ၎င်းတို့၏လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် ပျမ်းမျှအားဖြင့် ရက်သတ္တပတ် ၈ ပတ်ခန့် ကြာမြင့်မည်ဟု ခန့်မှန်းပါသည်။ လက်လီလက်ကား ရောင်းဝယ်ရေးကုမ္ပဏီများအတွက်မူ ထိုကိန်းဂဏန်းသည် မတ်လကထက် ငါးဆပိုများပြီး ၁၅ ပတ် အချိန်ယူရမည်ဖြစ်ပါသည်။ တောင်ပေါ်ဒေသ[4]ရှိ ကုမ္ပဏီအများစုသည် ပြန်လည်နာလန်ထူလာပြီး ယာယီပိတ်ထားဆဲ ကုမ္ပဏီ ၁ ရာခိုင်နှုန်းသာ ရှိသဖြင့် မတ်လနှင့် နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်း တိုးတက်လာပါသည်။ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်း မြေနိမ့်ဒေသ၊ ချင်းနှင့် အပူပိုင်းဇုန် နှင့် ရန်ကုန်တို့တွင် မတ်လကထက်များစွာပို၍ နည်းပါးသော်လည်း ကုမ္ပဏီများ၏ ၇ ရာခိုင်နှုန်းသည် ပိတ်ထားဆဲ ဖြစ်ပါသည်။

**အမျိုးသမီးပိုင်ဆိုင်သော ကုမ္ပဏီများသည် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားရသည့် ဆိုးကျိုးများကို ခံရနိုင်ခြေ ပိုများပါသည်။** ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများဖြစ်သော ချေးငွေလက်လှမ်းမီမှု လျော့နည်းခြင်း၊ ငွေသားစီးဆင်းမှုပြတ်လပ်ခြင်း၊ အရောင်းကျဆင်းခြင်းနှင့် ယာယီပိတ်သိမ်းခြင်းများသည် ပျမ်းမျှအားဖြင့် အမျိုးသားလုပ်ငန်းရှင်များထက် အမျိုးသမီးလုပ်ငန်းရှင်များအပေါ် ပိုမိုပြင်းထန်စွာ ထိခိုက်ခဲ့ပါသည် (ပုံ.၄)။ အမျိုးသမီးနှင့် အမျိုးသား စီးပွားရေးလုပ်ငန်းပိုင်ရှင်များအကြား အဓိက ကွာခြားချက်သည် ချေးငွေလက်လှမ်းမီမှု လျော့နည်းသွားခြင်းဖြစ်ပြီး အမျိုးသမီးများသည် အမျိုးသားများထက် သိသိသာသာ ပို၍ အထိနာပါသည်။

**မတ်လတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့သည့် နောက်ပိုင်း ကုမ္ပဏီအများစုသည် အရောင်းကျဆင်းခြင်းနှင့် အကျိုးအမြတ်ကျဆင်းခြင်း နှစ်မျိုးစလုံးကို ရင်ဆိုင်ရပါသည်။** မတ်လနှင့် မေလအကြားတွင် အကျိုးအမြတ်ဆုံးရှုံးကြောင်း ပြောပြသည့် ကုမ္ပဏီရာခိုင်နှုန်းသည် ယမန်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၃ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပါသည် (ပုံ.၅)။ မတ်လတွင် အလယ်အလတ်စား ကုမ္ပဏီများသည် အထိအနာဆုံးဖြစ်သော်လည်း မေလတွင်မူ တစ်နိုင်တစ်ပိုင်လုပ်ငန်းများနှင့် အသေးစားကုမ္ပဏီများ၏ ကြီးမားသော ရာခိုင်နှုန်းသည် အကျိုးအမြတ်များ ဆုံးရှုံးခဲ့ကြပါသည် (ပုံ.၆)။

**ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းများ ကြုံတွေ့ရသော ကုမ္ပဏီများသည် ထိုလနှစ်လစလုံးတွင် စီးပွားရေးလုပ်ငန်း၏ ရင်းနှီးငွေ ပြတ်လပ်သွားနိုင်ခြေ အန္တရာယ်လျော့ပါးစေရန်**

### ပုံ (၁) ကဏ္ဍအလိုက် ယာယီပိတ်ထားသော ကုမ္ပဏီအချိုးအစား




### ပုံ (၂) ဇုန်အလိုက် ယာယီပိတ်ထားသော ကုမ္ပဏီအချိုးအစား




လေ့လာစိစစ်ခဲ့သည့် လနှစ်လအကြားတွင် ကိုဗစ်-၁၉ ၏ ယေဘုယျဆိုးကျိုးသက်ရောက်မှုသည် ကြီးမား၍ မပြောင်းမလဲ ရှိနေဆဲ ဖြစ်ပါသည်။ ကုမ္ပဏီအများစုဖြစ်သော ၈၈ ရာခိုင်နှုန်း (ပုံ.၃) သည် ကပ်ရောဂါကြောင့် ရောင်းအားကျဆင်းမှုနှင့် ကြုံတွေ့ရသည်ဟု ဆိုပါသည်။ ရောင်းအားကျဆင်းမှုနောက်တွင် ငွေသားစီးဆင်းမှုပြတ်လပ်ခြင်းနှင့် ချေးငွေလက်လှမ်းမီမှု လျော့နည်းခြင်းတို့သည် ဖြေဆိုမှုအများဆုံးသော သက်ရောက်မှုများ ဖြစ်ပါသည်။ အဆိုပါပြဿနာများကို ပြောပြသည့် ကုမ္ပဏီအချိုးအစားများသည် စစ်တမ်းကောက်ယူသည့် ပထမတစ်ကြိမ်နှင့် နောက်တစ်ကြိမ်အကြား အနည်းငယ်မျှ တိုးတက်မှု ရှိလာသော်လည်း ထိုကုမ္ပဏီများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ရောင်းအားကျဆင်းခြင်းနှင့် ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းများကို ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ မေလတွင် ဝန်ထမ်းလျှော့သည်ဟုဆိုသော ကုမ္ပဏီများမှာ ၁၀ ရာခိုင်နှုန်းသာ ရှိသဖြင့် မတ်လတွင် ထိုသို့ဆိုသော ကုမ္ပဏီများထက် ထက်ဝက်လျော့နည်းသွားပါသည်။

### ပုံ (၃) ကိုဗစ်-၁၉ ၏ ကုမ္ပဏီများအပေါ် သက်ရောက်မှု




ရည်ညွှန်းချက် – ကမ္ဘာ့ဘဏ်၏ ကိုဗစ်-၁၉ ကုမ္ပဏီစစ်တမ်း

[1] စစ်တမ်းသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်ပြီး များပြားလှစွာသော ကဏ္ဍများမှ ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းများ ပါဝင်ပါသည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအဆင့် စစ်တမ်းများသည် ကုန်ထုတ်လုပ်မှု၊ လက်လီ/လက်ကားနှင့် ဝန်ဆောင်မှုကဏ္ဍများကို အဓိကထား လေ့လာကြသော်လည်း ကမ္ဘာ့ဘဏ်စစ်တမ်းသည် စိုက်ပျိုးရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)နှင့် ကျပန်းစီးပွားရေးလုပ်ငန်းများပါဝင်သည့် မြန်မာ့စီးပွားရေးလုပ်ငန်းများအားလုံးကို ပိုမို တိကျစုံလင်စွာ လေ့လာထားပါသည်။

[2] ဒုတိယအကြိမ် အချက်အလက်များ ကောက်ယူသောအခါ ပထမအကြိမ်က စစ်တမ်းကောက်ယူခဲ့သော ကုမ္ပဏီ ၃၅၃ ခု ပါဝင်ပြီး ကျန်ရှိသော ကုမ္ပဏီများသည် အကြောင်းအမျိုးမျိုးကြောင့် စစ်တမ်းတွင် ဆက်လက်ပါဝင်ခြင်း မရှိတော့သဖြင့် အစားထိုးကောက်ယူခဲ့ပါသည်။

[3] ကုမ္ပဏီများသည် ဧပြီလတွင် သင်္ကြန်ရုံးပိတ်ရက်များကြောင့် အပြည့်အဝလည်ပတ်ခြင်း မရှိသဖြင့် ထိုလတွင် ကုမ္ပဏီများကို စစ်တမ်းကောက်ယူခဲ့ခြင်း မရှိပါ။

[4] ပြည်နယ်များနှင့် တိုင်းဒေသကြီးများကို ၎င်းတို့၏ စီးပွားရေးဆိုင်ရာနှင့် နေရာဒေသဆိုင်ရာ လက္ခဏာများပေါ်တွင် အခြေခံ၍ ဇုန်များအဖြစ် ပိုင်းခြားထားပါသည်။ ဇုန်ငါးဇုန်အနက် နှစ်ဇုန်တွင် တိုင်းဒေသကြီးတစ်ခုစီသာ ပါဝင်ပါသည်။ ရန်ကုန်နှင့် မန္တလေး ဖြစ်ပါသည်။ တောင်ပေါ်ဒေသတွင် ကချင်၊ ကယားနှင့် ရှမ်းပြည်နယ်များ ပါဝင်ပါသည်။ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်း မြေနိမ့်ဒေသတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ ပါဝင်ပါသည်။ ချင်းနှင့် အပူပိုင်းဇုန်တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့ ပါဝင်ပါသည်။

**မိတ်ဆွေများနှင့် မိသားစုဆွေမျိုးများထံမှ ချေးငွေရယူခြင်းကို အဓိကနည်းလမ်းအဖြစ် အသုံးပြုခဲ့ကြပါသည်။** ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းကို ဖြေရှင်းရန် ချေးငွေအများဆုံး ထုတ်ယူခဲ့ကြသည်မှာ စိုက်ပျိုးရေးကဏ္ဍမှ ကုမ္ပဏီများဖြစ်ကြပြီး (ပုံ.၇) မေလတွင် ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများထက် မိသားစုနှင့် မိတ်ဆွေများထံမှ ချေးငွေယူရခြင်းကို ပို၍ ပြုလုပ်ခဲ့ကြပါသည်။ မိသားစုနှင့် မိတ်ဆွေများထက် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို အားကိုးခဲ့သည်မှာ ဝန်ဆောင်မှုကဏ္ဍမှ ကုမ္ပဏီများသာ ရှိပါသည်။ ယေဘုယျအားဖြင့် မတ်လနှင့် မေလအကြား ကုမ္ပဏီများ၏ စီးပွားရေးဘဏ်များမှ ချေးငွေရယူမှုသည် ကဏ္ဍတိုင်းတွင် လျော့နည်းသွားပြီး ထိုနှစ်လအကြား မိသားစုနှင့် မိတ်ဆွေများ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ချေးငွေရယူမှုသည် တိုးလာပါသည်။

**မေလတွင် ကုမ္ပဏီများသည် ကိုဗစ်-၁၉ ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ငွေရေးကြေးရေးဆိုင်ရာ သက်ရောက်မှုများကို တုံ့ပြန်ရန် ပြင်ဆင်ပြောင်းလဲမှု ပြုလုပ်ခြင်းများ များပြားလာသည်ကို တွေ့ရပါသည်။** ကိုဗစ်-၁၉ ကို တုံ့ပြန်သည့်အနေဖြင့် ကုမ္ပဏီများ အများဆုံး အသုံးပြုသည့် ပြုပြင်ပြောင်းလဲမှုနည်းလမ်းမှာ အိမ်အရောက်ပို့ဆောင်သည့် ဝန်ဆောင်မှုများကို စတင်ခြင်း သို့မဟုတ် တိုးမြှင့်လုပ်ဆောင်ခြင်းဖြစ်ပြီး ကုမ္ပဏီများ၏ ၃၈ ရာခိုင်နှုန်းသည် ဤနည်းလမ်းကို အသုံးပြုပါသည်(ပုံ.၈)။ ကုမ္ပဏီအများစုသည် ၎င်းတို့၏ သမားရိုးကျထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုပုံစံများကို ဆက်လက်ကျင့်သုံးကြသော်လည်း မေလတွင် ကုမ္ပဏီများ၏ သုံးပုံတစ်ပုံကျော်သည် ကိုဗစ်-၁၉ နှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ၎င်းတို့၏ ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုပုံစံများကို ပြောင်းလဲခဲ့ကြရာ မတ်လနှင့် နှိုင်းယှဉ်လျှင် ၆ ရာခိုင်နှုန်း တိုးလာပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒစ်ဂျစ်တယ်နည်းလမ်းများ သို့မဟုတ် အွန်လိုင်းစနစ်များ အသုံးပြုခြင်းနှင့် ဝန်ထမ်းများ အဝေးမှ အလုပ်လုပ်နိုင်ရန် စီမံပေးခြင်းတို့သည် အသုံးအနည်းဆုံး ပြုပြင်ပြောင်းလဲမှုများအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ကုမ္ပဏီများ၏ ၂၁ ရာခိုင်နှုန်းကသာ လွန်ခဲ့သောလအတွင်း ဒစ်ဂျစ်တယ်နည်းလမ်းများကို အသုံးပြုခဲ့ကြပြီး ဝန်ထမ်းများ အဝေးမှ အလုပ်လုပ်နိုင်ရန် စီမံပေးသည့် ကုမ္ပဏီမှာ ပို၍ပင်နည်းပါးကာ (၅ ရာခိုင်နှုန်း) မတ်လနှင့် နှိုင်းယှဉ်လျှင် ပို၍ လျော့နည်းသွားပါသည်။ ကပ်ရောဂါ၏ သက်ရောက်မှုများကို စီမံဆောင်ရွက်ရန် နည်းလမ်းသစ်များ၊ လုပ်ငန်းစဉ်သစ်များ အသုံးပြုကြောင်း ပြောကြားမှုအနည်းဆုံးမှာ စိုက်ပျိုးရေး ကုမ္ပဏီများနှင့် အသေးစားကုမ္ပဏီများ ဖြစ်ပါသည်။ အားလုံးကို ခြုံကြည့်လျှင် ဖောက်သည်များနှင့် ဝန်ထမ်းများ၏ ဘေးအန္တရာယ် ကင်းရှင်းရေး နည်းလမ်းများ ဆောင်ရွက်မှု များပြားလာသည်ကိုလည်း တွေ့ရပြီး တစ်ကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများနှင့် နှာခေါင်းစည်းများ ပံ့ပိုးခြင်းနှင့် အသုံးပြုရန် စည်းကမ်းသတ်မှတ်ခြင်းတို့သည် ကုမ္ပဏီများအကြား အသုံးအများဆုံးနည်းလမ်းနှစ်ခု ဖြစ်ပါသည်။

**ကုမ္ပဏီများ၏ ထက်ဝက်ကျော်သည် ဒေသန္တရအစိုးရများနှင့် နိုင်ငံတော်အစိုးရတို့၏ စီးပွားရေး အထောက်အကူပြု အစီအစဉ်များအကြောင်းကို သိရှိကြပါသည်။** သို့သော် ၎င်းတို့ထဲမှ ၁၇ ရာခိုင်နှုန်းကသာ လျှောက်ထားကြပါသည်။ မတ်လနှင့် နှိုင်းယှဉ်လျှင်မူ ၇ ရာခိုင်နှုန်း တိုးလာပါသည်။ အရေးတကြီး အလိုအပ်ဆုံးသော အစိုးရ၏ ကူညီထောက်ပံ့မှုပုံစံအဖြစ် ချေးငွေများနှင့် ချေးငွေအာမခံများ ရရှိအောင် ဆောင်ရွက်ပေးခြင်း (၅၁ ရာခိုင်နှုန်း) ကို ကုမ္ပဏီများမှ ဖော်ပြပြောဆိုကြပြီး ယင်းနောက်တွင် အခွန်ဆိုင်းငံ့ပေးခြင်း သို့မဟုတ် အခွန်လျှော့ပေါ့ပေးခြင်း (၁၂ ရာခိုင်နှုန်း) နှင့် ရေ၊ မီး စသည် ဝန်ဆောင်ခများ လျှော့ပေါ့ပေးခြင်း (၉ ရာခိုင်နှုန်း) တို့ လိုက်ပါသည်။

**မတ်လတွင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည်ဟုဆိုသော တစ်နိုင်တစ်ပိုင်နှင့် အသေးစားလုပ်ငန်းများ အရေအတွက် ပို၍ နည်းပါးသော်လည်း မေလတွင် အရွယ်အစား ပိုမိုသေးငယ်သော ကုမ္ပဏီများသည် ကုမ္ပဏီကြီးများထက် သိသိသာသာ ပို၍ အခြေအနေဆိုးပါသည်။** မေလတွင် နောက်ပိုင်း ၃ လတာ ကာလအတွင်း အကြွေးပြန်မဆပ်နိုင်သည့် အန္တရာယ်ရှိသည်ဟုဆိုသော ကုမ္ပဏီကြီးများမှာ ၃ ရာခိုင်နှုန်းသာ ရှိသော်လည်း တစ်နိုင်တစ်ပိုင်နှင့် အလတ်စားကုမ္ပဏီများတွင်မူ ၄၀ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်းက ထိုသို့ အသီးသီးဆိုပါသည် (ပုံ.၉)။ မေလတွင် အသေးစားကုမ္ပဏီများ၏ သုံးပုံတစ်ပုံကျော်သည် ချေးငွေ လက်လှမ်းမီမှု လျော့နည်းသွားခြင်းကို ကြုံတွေ့ရသော်လည်း ထိုပြဿနာ ကြုံတွေ့ရသော ကုမ္ပဏီကြီးများမှာ ၁ ရာခိုင်နှုန်းသာ ရှိပါသည်။ သို့သော် ယေဘုယျအားဖြင့် အရွယ်အစား မည်သို့ပင်ရှိစေ စစ်တမ်းကောက်ယူခဲ့သည့် ကုမ္ပဏီအများစုက နောက်တစ်လတွင်လည်း လုပ်ငန်းဆက်လက်လည်ပတ်နိုင်မည်ဟု ယုံကြည်ကြောင်း ဆိုပါသည်။ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ရကြောင်း ပြောဆိုသည့် ကုမ္ပဏီအရေအတွက်သည် အခြားကဏ္ဍများမှာထက် စိုက်ပျိုးရေးကဏ္ဍတွင် ပိုများသဖြင့် ထိုကဏ္ဍမှ ကုမ္ပဏီများသည် ကမ္ဘာ့ကပ်ရောဂါကြောင့် အထိအနာဆုံးဟု ဆိုရမည် ဖြစ်ပါသည်။ မေလတွင် ပျမ်းမျှအားဖြင့် ကုမ္ပဏီများ၏ သုံးပုံတစ်ပုံက နောက်လာမည့် သုံးလအတွင်းတွင် အကြွေး ပြန်မဆပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ဆိုပါသည် (ပုံ.၁၀)။ စိုက်ပျိုးရေး ကုမ္ပဏီများအတွက် ထိုကိန်းဂဏန်းသည် ၅၀ ရာခိုင်နှုန်းကျော် ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေး ကုမ္ပဏီများ၏ ၃၉ ရာခိုင်နှုန်းသည် ချေးငွေလက်လှမ်းမီမှု လျော့နည်းသွားပြီး အခြားကဏ္ဍများတွင် အလားတူ ပြဿနာကို ရင်ဆိုင်ရသည့် ကုမ္ပဏီအချိုးအစားမှာ ၃၀ ရာခိုင်နှုန်းအောက်သာ ရှိပါသည်။

ပုံ (၄) ပိုင်ရှင်၏ အမျိုးသား-အမျိုးသမီး ဖြစ်မှုအလိုက် ကုမ္ပဏီများအပေါ် သက်ရောက်မှု - မေလ




ပုံ (၅) ကဏ္ဍအလိုက် အကျိုးအမြတ်များ ကျဆင်းသွားသော ကုမ္ပဏီ အချိုးအစား




ပုံ (၆) ကုမ္ပဏီအရွယ်အစားအလိုက် အကျိုးအမြတ်များ ကျဆင်းသွားသော ကုမ္ပဏီ အချိုးအစား




ပုံ (၇) ငွေသားစီးဆင်းမှု ပြတ်လပ်ခြင်းကို ဖြေရှင်းရန် အသုံးအများဆုံး နည်းလမ်းဖြစ်သော မိတ်ဆွေများနှင့် မိသားစုဆွေမျိုးများထံမှ ချေးငွေရယူခြင်း




ပုံ (၈) ကြီးမားသည့် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသော ကုမ္ပဏီများ အချိုးအစား




ပုံ (၉) ကုမ္ပဏီအရွယ်အစားအလိုက် ကိုဗစ်-၁၉ ၏ သက်ရောက်မှု (၂၀၂၀ မေ)




ပုံ (၁၀) ကဏ္ဍအလိုက် ကိုဗစ်-၁၉ ၏ သက်ရောက်မှု (၂၀၂၀ မေ)




ရည်ညွှန်းချက် - ကမ္ဘာ့ဘဏ်၏ ကိုဗစ်-၁၉ ကုမ္ပဏီစစ်တမ်း